# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

## ၂၀၁၇ ခုနှစ်၊ ဇွန်လ ( ၁ ) ရက်

## ကြေညာချက်အမှတ် ( ၁ / ၂၀၁၇)

## အများပြည်သူသို့အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံ၏အရင်းအနှီး ဈေးကွက်နှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ၊ (၃၁)ရက်နေ့တွင် ငွေချေးသက်သေခံလက်မှတ်လဲလှယ် ရောင်းဝယ်ရေး ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး၊ ယင်းဥပဒေအရ ၂၀၁၄ခုနှစ်၊ ဩဂုတ်လ၊ (၁၉)ရက်နေ့တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါသည်။ သို့ဖြစ်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ရန်ကုန်စတော့အိပ်ချိန်းအပါအဝင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် အရင်းအနှီးဈေးကွက်တစ်ခုလုံးအားကြီးကြပ်သည့် အဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ ရန်ကုန်စတော့အိပ်ချိန်း၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်သည့်ကုမ္ပဏီ၊ ရန်ကုန်စတော့အိပ်ချိန်းတွင်စာရင်းမဝင်သော်လည်း အများပြည်သူသို့ အစုရှယ်ယာများ ထုတ်ဝေရောင်းချသည့် ကုမ္ပဏီများကိုပါကြီးကြပ်ကွပ်ကဲရန်တာဝန်နှင့် အခွင့်အာဏာရှိသည့် အဖွဲ့အစည်းဖြစ်ပါသည်။

၂။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ၏အခန်း(၆)၊ အပိုဒ် (၃၅) တွင် **"အများနှင့်သက်ဆိုင်သောကုမ္ပဏီသည်-**

**(က) ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ မည်ကဲ့သို့ ကမ်းလှမ်းမည်ဖြစ်ကြောင်း ကော်မရှင်သို့တင်ပြပြီး၊ အတည်ပြုချက်ရယူရမည်။ ကော်မရှင်သည် ရက်ပေါင်း (၆၀) အတွင်းအဆုံးအဖြတ်ပေးရမည်။**

**(ခ) အများပြည်သူသို့ ကမ်းလှမ်းရောင်းချသည့်အခါ ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့်အတူ ကုမ္ပဏီ၏အရေးကြီးသော အချက်အလက်များပါဝင်သည့် အလားအလာညွှန်းတမ်းကိုပါထုတ်ပြန်ကြေညာရမည်"** ဟုပြဋ္ဌာန်းထားပါသည်။

၃။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ၏ အခန်း(၃)၊ အပိုဒ်(၄၅) တွင် **"ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို လိုင်စင်ဖြင့် သို့မဟုတ် နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် အမျိုးအစားတူညီသည့်လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ဖြင့်လုပ်ကိုင်နေသောကုမ္ပဏီသည် ကော်မရှင်၏**

**ခွင့်ပြုချက်ဖြင့် ကိုယ်စားလှယ်ရုံးခွဲကိုတည်ထောင်နိုင်သည်။ အဆိုပါကိုယ်စားလှယ်ရုံးသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရပါ။ သို့ရာတွင် ကော်မရှင်၏ခွင့်ပြုမိန့်တွင် သီးသန့်ဖော်ပြထားသော လုပ်ငန်းကိုဆောင်ရွက်နိုင်ပါသည်”** ဟုပြဋ္ဌာန်းထားပါသည်။

၄။ အများပြည်သူသို့အစုရှယ်ယာကမ်းလှမ်းရောင်းချသည့်ကုမ္ပဏီများသည် ၎င်း၏ အလားအလာ ညွှန်တမ်းနှင့်အတူ ကော်မရှင်၏အတည်ပြုချက်ရယူပြီးမှသာ ကမ်းလှမ်းရောင်းချရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပါအချက်အား သေချာစွာလေ့လာစိစစ်ပြီးမှသာ ရင်းနှီးမြှုပ်နှံမှုပြုရန်လိုအပ်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်ရရှိထားသည့်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ခွင့်ပြုသည့်လုပ်ငန်းကိုသာလုပ်ကိုင်ရမည်ဖြစ်ရာ ကော်မရှင်အနေဖြင့် ယနေ့အထိ နိုင်ငံခြားတိုင်းပြည်တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်ရထားသည့် မည်သည့်ကုမ္ပဏီကိုမျှ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ၏ အခန်း(၃)၊ အပိုဒ် (၄၅) အရ **“ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခွင့်ပြုခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းမရှိသေးပါ။”**

၆။ သို့ဖြစ်ပါ၍ ရင်းနှီးမြှုပ်နှံသူများ၏အကျိုးစီးပွားအား ကာကွယ်ရန်အလို့ငှာ ပြဋ္ဌာန်းထားသော ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၏ အခန်း (၁၂) တွင် တားမြစ်ချက်များနှင့်ပြစ်ဒဏ်များအား ချိုးဖောက်သည့် မည်သူ့ကိုမဆို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။


ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

အမှတ်(၂၁-၂၅)၊ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်

မြန်မာ့စီးပွားရေးဘဏ်တိုင်းဒေသကြီးရုံးဒုတိယထပ်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း ၀၁-၃၇၀၁၀၀၊ ဖက်စ် ၀၁-၃၇၀၁၀၀၊ Email: secm.myanmar@gmail.com

Website: www.secm.gov.mm

၃.၆.၂၀၁၇
( ကြေးမုံ )



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
## ၂၀၁၇ ခုနှစ်၊ ဇွန်လ (၁)ရက်
## ကြေညာချက်အမှတ်(၁/၂၀၁၇)
## အများပြည်သူသို့အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်နှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဖွံ့ဖြိုးရေးအတွက် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေး ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး၊ ယင်းဥပဒေအရ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါသည်။ သို့ဖြစ်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ရန်ကုန်စတော့အိပ်ချိန်းအပါအဝင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် အရင်းအနှီးဈေးကွက်တစ်ခုလုံးအားကြီးကြပ်သည့် အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ ရန်ကုန်စတော့အိပ်ချိန်း၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်သည့်ကုမ္ပဏီ၊ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းမဝင်သော်လည်း အများပြည်သူသို့ အစုရှယ်ယာများ ထုတ်ဝေရောင်းချသည့်ကုမ္ပဏီများကိုပါ ကြီးကြပ်ကွပ်ကဲရန် တာဝန်နှင့်အခွင့်အာဏာရှိသည့် အဖွဲ့အစည်းဖြစ်ပါသည်။

၂။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ၏ အခန်း(၆)၊ အပိုဒ်(၃၅)တွင် **"အများနှင့်သက်ဆိုင်သော ကုမ္ပဏီ"သည်-**

**(က) ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ မည်ကဲ့သို့ ကမ်းလှမ်းမည်ဖြစ်ကြောင်း ကော်မရှင်သို့တင်ပြပြီး အတည်ပြုချက်ရယူရမည်။ ကော်မရှင်သည် ရက်ပေါင်း(၆၀)အတွင်း အဆုံးအဖြတ်ပေးရမည်။**

**(ခ) အများပြည်သူသို့ ကမ်းလှမ်းရောင်းချသည့်အခါ ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့်အတူ ကုမ္ပဏီ၏ အရေးကြီးသော အချက်အလက်များပါဝင်သည့် အလားအလာညွှန်းတမ်းကိုပါထုတ်ပြန်ကြေညာရမည်"** ဟုပြဋ္ဌာန်းထားပါသည်။

၃။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ၏ အခန်း(၃)၊ အပိုဒ်(၄၅)တွင် **"ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို လိုင်စင်ဖြင့် သို့မဟုတ် နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် အမျိုးအစားတူညီသည့်လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ဖြင့်လုပ်ကိုင်နေသောကုမ္ပဏီသည် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ကိုယ်စားလှယ်ရုံးခွဲကိုတည်ထောင်နိုင်သည်။ အဆိုပါကိုယ်စားလှယ်ရုံးသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရပါ။ သို့ရာတွင် ကော်မရှင်၏ခွင့်ပြုမိန့်တွင် သီးသန့်ဖော်ပြထားသော လုပ်ငန်းကိုဆောင်ရွက်နိုင်ပါသည်"** ဟုပြဋ္ဌာန်းထားပါသည်။

၄။ အများပြည်သူသို့ အစုရှယ်ယာကမ်းလှမ်းရောင်းချသည့်ကုမ္ပဏီများသည် ၎င်း၏အလားအလာညွှန်းတမ်းနှင့်အတူ ကော်မရှင်၏အတည်ပြုချက်ရယူပြီးမှသာ ကမ်းလှမ်းရောင်းချရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပါအချက်အား သေချာစွာ လေ့လာစိစစ်ပြီးမှသာ ရင်းနှီးမြှုပ်နှံမှုပြုရန် လိုအပ်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်ရရှိထားသည့် ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ခွင့်ပြုသည့်လုပ်ငန်းကိုသာလုပ်ကိုင်ရမည်ဖြစ်ရာ ကော်မရှင်အနေဖြင့် ယနေ့အထိ နိုင်ငံခြားတိုင်းပြည်တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်ရထားသည့် မည်သည့်ကုမ္ပဏီကိုမျှ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ၏ အခန်း(၃)အပိုဒ်(၄၅)အရ **"ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခွင့်ပြုခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းမရှိသေးပါ။"**

၆။ သို့ဖြစ်ပါ၍ ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားအား ကာကွယ်ရန် အလို့ငှာ ပြဋ္ဌာန်းထားသော ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၏ အခန်း(၁၂)တွင် တားမြစ်ချက်များနှင့်ပြစ်ဒဏ်များအား ချိုးဖောက်သည့် မည့်သူကိုမဆို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်